# ချင်းအမျိုးသားတပ်ဦး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၏ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့တို့အကြား တွေ့ဆုံဆွေးနွေးမှုနှင့်ပတ်သက်၍ ချင်းအမျိုးသားတပ်ဦး၏ သတင်းထုတ်ပြန်ချက် ၂/၂၀၁၂

ချင်းအမျိုးသားတပ်ဦး၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ သည် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၏ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးရန် ၂၀၁၂ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့ တွင် အိန္ဒိယ-မြန်မာနယ်စပ်မှ ချင်းပြည်နယ်၊ ဟားခါးမြို့သို့ ထွက်ခွာသွားခဲ့ကြပြီး ၂၀၁၂ခုနှစ်၊ မေလ (၃) ရက်နေ့တွင် မတူပီမြို့၌ လည်းကောင်း၊ မေလ (၅) ရက်နေ့တွင် ထန်တလန်မြို့၌ လည်းကောင်း ပြည်သူလူထုနှင့် တွေ့ဆုံပွဲများ ပြုလုပ်ခဲ့သည်။ ၂၀၁၂ခုနှစ်၊ မေလ (၇) ရက်နေ့တွင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ချင်းပြည်နယ်မြို့တော် ဟားခါးမြို့၌ တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ပြီး သဘောတူညီမှု (၁၅) ချက်ကို လက်မှတ်ရေးထိုး ခဲ့ကြသည်။ ၂၀၁၂ ခုနှစ်၊ မေလ (၆)ရက်နေ့နှင့် (၈) ရက်နေ့များတွင် ဟားခါးမြို့၌ ပြည်သူလူထုနှင့် တွေ့ဆုံပွဲများပြုလုပ် ကာ ၂၀၁၂ခုနှစ်၊ မေလ (၁၀) ရက်နေ့တွင် ချင်းအမျိုးသားတပ်ဦး ပါတီဌာနချုပ်သို့ ကောင်းမွန်စွာ ပြန်လည်ရောက်ရှိ ကြသည်။

ချင်းအမျိုးသားတပ်ဦး၏ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရေးအဖွဲ့အား ဒေါက်တာရွှေခါးရဲ နှင့် ဒေါက်တာ ဆလိုင်း ငွန်ကျုံး လျန် တို့က ဦးဆောင်ပြီး စုစုပေါင်း (၁၇) ဦးလိုက်ပါသွားခဲ့ကြသည်။ မြန်မာအစိုးရဖက်မှ သီရိပျံချီ ဦးအောင်မင်း ဦးဆောင်၍ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ဝင်များဖြစ်ကြသော အမှတ် (၁) လျှပ်စစ်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ သဘာဝထိမ်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဦးဝင်းထွန်း၊ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ နယ်စပ်ရေးရာနှင့်လုံခြုံရေးဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်မှူးကြီး ကျော်စိုးဝင်း၊ ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းဦး၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ တိုင်းဦးစီးဗိုလ်မှူးကြီး ကျော်သန့်နိုင် တို့ တက်ရောက်ခဲ့ကြသည်။

ချင်းအမျိုးသားတပ်ဦး၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့တို့ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးရာတွင် သဘောတူညီမှု (၁၅) ချက်ကို ငြိမ်းချမ်းရေးအကျိုးတော်ဆောင် ဒေါက်တာ ကျော်ဇင်လှိုင်၊ ဦးလှမောင်ဆွေ၊ ချင်းငြိမ်းချမ်းရေး အကျိုးတော်ဆောင်များဖြစ်ကြသည့် ဦးချောန်ကီယို၊ သိက္ခာတော်ရ ဆရာတော် တလွန်ကျဲအိုနှင့် သိက္ခာတော်ရဆရာတော် ဒေးနီးစ် ငွန်ထောင်းမန်း တို့အား အသိသက်သေပြုလျှက် လက်မှတ်ရေးထိုးခဲ့ကြသည်။ သဘောတူညီချက်များမှ အရေးကြီးသည့် အချက်အလက်များမှာ-

(၁) အပစ်အခတ်ရပ်စဲခြင်း သဘောတူညီချက်ဆိုင်ရာ သတ်မှတ်တာဝန်များနှင့် လုပ်ပိုင်ခွင့်များ၊

(၂) ယာယီအခြေပြုနေထိုင်ခွင့်ဆိုင်ရာ သဘောတူညီချက် သတ်မှတ်တာဝန်များနှင့် လုပ်ပိုင်ခွင့်များ၊
(၃) ဆက်ဆံရေးရုံးဆိုင်ရာ သတ်မှတ်တာဝန်များနှင့် လုပ်ပိုင်ခွင့်များ၊
(၄) နိုင်ငံရေးဆွေးနွေးရာတွင် အခြေခံရမည့်မူဝါဒများ၊
(၅) အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများဆိုင်ရာ သဘောတူညီချက်များ၊
(၆) ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးတိုင်ပင်ခြင်းနှင့် သက်ဆိုင်သည့် သဘောတူညီချက် သတ်မှတ်တာဝန်များနှင့် လုပ်ပိုင်ခွင့်များ၊
(၇) ပရဟိတအဖွဲ့များဆိုင်ရာ သတ်မှတ်တာဝန်များနှင့် လုပ်ပိုင်ခွင့်များ၊
(၈) လူ့စွမ်းအား အရင်းအမြစ်နှင့် စွမ်းဆောင်မှု မြှင့်တင်ရေး ဆိုင်ရာ သဘောတူညီချက်နှင့် လုပ်ပိုင်ခွင့်များ၊
(၉) မူးယစ်ဆေးဝါး ပူးတွဲနှိမ်နင်းရေးဆိုင်ရာ သတ်မှတ်တာဝန်များနှင့် လုပ်ပိုင်ခွင့်များ၊
(၁၀) ပြည်ဝင်ခွင့် ဗီစာများဆိုင်ရာ သတ်မှတ်တာဝန်များနှင့် လုပ်ပိုင်ခွင့်များ၊
(၁၁) ချင်းအမျိုးသားနေ့ နှင့် ချင်းပြည်နယ်နေ့ ပြန်လည်သတ်မှတ်ရေးကြိုးပမ်းဆောင်ရွက်သွားရေး ဆိုင်ရာ သဘောတူညီချက်များ၊
(၁၂) ချင်းအမျိုးသားတပ်ဦးနှင့် ချင်းအမျိုးသားတပ်မတော်ဆိုင်ရာ သဘောတူညီချက်၊
(၁၃) အခြေခံအခွင့်အရေးများဆိုင်ရာ သဘောတူညီချက်များ၊
(၁၄) အပစ်အခတ်ရပ်စဲခြင်း လေးစားလိုက်နာမှု စောင့်ကြည့်ရေးအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာသဘောတူညီချက်၊
(၁၅) ပဋိပက္ခများ ငြိမ်းချမ်းစွာ ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာသဘောတူညီချက် တို့ဖြစ်သည်။

ဤတွေ့ဆုံဆွေးနွေးပွဲတွင် ၂၀၁၂ခုနှစ်၊ ဧပြီလ (၅) ရက်နေ့၌ ရခိုင်ပြည်နယ်အစိုးရနှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ တို့အကြား သဘောတူညီခဲ့ကြသည့် ချင်းပြည်နယ်၊ ပလက်ဝမြို့တွင် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ၏ ဆက်ဆံရေးရုံးဖွင့်လှစ်မည့် ကိစ္စရပ်အား အလေးအနက်ဆွေးနွေးခဲ့ကြပြီး ပလက်ဝတွင် (ALP) ဆက်ဆံရေးရုံး ဖွင့်လှစ်မည့်ကိစ္စ ကန့်ကွက်ကြောင်း ပြည်ထောင်စုသမ္မတ ဦးသိန်းစိန် ထံပေးပို့သည့် စာအားလည်း ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှတဆင့်ပေးပို့ခဲ့သည်။

ပြည်ထောင်စုအတွင်း ထာဝရတည်တံ့သည့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေး ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးခြင်းများအား နှစ်ဦးနှစ်ဖက် အဆင်ပြေသည့်နေ့ရက်နှင့်နေရာများတွင် ပြန်လည်ပြုလုပ်ကြရန်နှင့် ချင်းပြည်နယ်အတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အထူးစီးပွားရေးဇုံနှင့်ပတ်သက်သည့်ကိစ္စရပ်များအပါအဝင် အခြားကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ မေလ (၁၀) ရက်နေ့၊

Media Contact: Ph: Dr. Ngun Cung Lian (+91 8731914804, +91 8794868061)
Email: nlian@indiana.edu